Conference of EthnicArmed Resistance Organizations
Law KheeLar, Kawthoolei

January (20 – 25), 2014

# Statement

1. Conference of the ethnic armed resistance organizations (or Law Khee Lar Conference) was successfully held from January 20 to 25, for six days, at Law Khee Lar Camp, (AKA) Lay Wah, which is in the area under the control of Karen National Union(KNU).
2. The Law Khee Lar Conference was attended by a total of 160 attendees, who were representatives from 17 ethnic armed resistance organizations, especially invited representatives and observers, including those from the ABSDF.
3. At the Law Khee Lar Conference, representative leaders from the ethnic armed resistance organizations freely and frankly held discussions, on the basis of Panglong spirit and Laiza spirit. The Conference was able to materialize, in terms of principle as well as procedure, the unity gained from the Laiza Conference.
4. The outstanding achievement of Law Khee Lar Conference is the competency to adopt a Nationwide Ceasefire Agreement, unanimously. This Agreement, confirmed by Law Khee Lar Conference, is the result of amendment and additions, together with suggestions, made to the draft prepared, on the basis of Laiza Agreement, by the Nationwide Ceasefire Coordinating Team (NCCT), which was formed by Laiza Conference, and this Conference further gave mandate to the NCCT to undertake further coordination in respect of the Agreement.
5. This Law Khee Lar Conference, held under the aegis of KNU as the host, in addition to consolidating unity of all the ethnic nationalities, serves as an arena for preparing them, for different stages of political dialogues and negotiations that will come after achievement of nationwide ceasefire. The ethnic armed resistance organizations are to participate in the political dialogues and negotiations, with unity and coordination, and they will have to struggle on until their political goal of establishment of a “Genuine Federal Union” is achieved.
6. The ethnic armed resistance organizations are building firm unity like this, in order to be able to cooperate and participate, with correct intention, in the processes of cessation of the civil war, building internal peace and rehabilitation of the country. As Laiza Conference as well as Law Khee Lar Conference have been held with the aim of building ethnic unity, we issue this statement by urging to build collectively, ethnic unity of the entire people consisting of all the nationalities, including organizations of the ruling government, from the ethnic unity that has been successfully achieved.

Conference of Ethnic Armed Resistance Organizations (Law Khee Lar Conference)
January 25, 2014

Media Contacts


1. Nai Han Tha
   Head of Team (NCCT)
   Phone: (+66) 805 030 849

2. Padoh Saw Kwe Htoo Win
   Deputy Head-1 (NCCT)
   Phone: (+66) 818 076 279

3. Gen. Sumlut Gam Maw
   Deputy Head-2 (NCCT)
   Phone: (+86) 135 782 005 43


*********

ETHNIC ARMED ORGANIZATIONS CONFERENCE
LAW KHEE LAR KAREN STATE
20-25 Jan 2014

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကွန်ဖရင့်
## လော်ခီးလာ၊ ကော်သူးလေ
## ၂၀၁၄- ခုနှစ်၊ ဇန္နဝါရီလ (၂၀ -၂၅)ရက်

# "ထုတ်ပြန်ကြေညာချက်"

၁။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ကွန်ဖရင့်(လော်ခီးလာကွန်ဖရင့်)ကြီးကို KNU-ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေ၊ လေးဝါး(ခေါ်)လော်ခီးလာစခန်းတွင် ၂၀၁၄-ခုနှစ်၊ ဇန္နဝါရီလ (၂၀)ရက်နေ့ မှ(၂၅)ရက်နေ့အထိ(၆)ရက်တိတိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

၂။ ယင်း လော်ခီးလာကွန်ဖရင့်ကြီးသို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းပေါင်း(၁၇)ဖွဲ့ မှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောကိုယ်စားလှယ်များနှင့် လေ့လာသူအဖြစ်ဖိတ်ကြားထားသော ABSDF အပါအဝင် စုစုပေါင်း(၁၆၀)ဦးကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။

၃။ လော်ခီးလာကွန်ဖရင့်ကြီးတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းကိုယ်စားလှယ် ခေါင်းဆောင်များသည် ရင်းနီးပွင့်လင်းစွာဖြင့် ပင်လုံစိတ်ဓာတ်၊ လိုင်ဇာစိတ်ဓာတ်တို့အပေါ် အခြေခံပြီး အကြေအလည် ဆွေးနွေးခဲ့ကြ သည်။ လိုင်ဇာကွန်ဖရင့်ကြီးမှရရှိလာသည့် ညီညွတ်ရေးစိတ်ဓါတ်ကို မူအရရော၊ လုပ်နည်းအရပါ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ကွန်ဖရင့်ကြီးလည်း ဖြစ်ပေသည်။

၄။ လော်ခီးလာကွန်ဖရင့်ကြီး၏ သိသာထင်ရှားသောရလဒ်မှာ "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်" တစ်စောင်ကို တညီတညွတ်တည်း အတည်ပြုနိုင်ခြင်းပင်ဖြစ်ပေသည်။ ယင်းစာချုပ်သည် လိုင်ဇာ ကွန်ဖရင့်ကြီးက ဖွဲ့စည်းပေးလိုက်သော "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)" က လိုင်ဇာသဘောတူညီချက်ကိုအခြေခံ၍ ရေးသားတင်သွင်းသည့် မူကြမ်းအပေါ် ပြင်ဆင်ဖြည့်စွက်ချက်များ၊ အကြံပြုချက်များနှင့်အတူ ယခု လော်ခီးလာကွန်ဖရင့်ကြီးက အတည်ပြုပေးလိုက်သော အဆိုပါသဘောတူ စာချုပ်အပေါ်တွင် လိုအပ်သလို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် NCCT ကို ဤကွန်ဖရင့်ကြီးက ဆက်လက် တာဝန်ပေးအပ်ခဲ့သည်။

၅။ ယခုကဲ့သို့ KNU-ကရင်အမျိုးသားအစည်းအရုံးက အိမ်ရှင်အဖြစ် ကမကထပြု ကျင်းပပေးခဲ့သော လော်ခီးလာ ကွန်ဖရင့်ကြီးသည် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာ စေသည့်အပြင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်အပြီး ဆက်လက်ဆောင်ရွက်သွားကြရမည့် နိုင်ငံရေး

ဆွေးနွေးပွဲ "အဆင့်ဆင့်" အတွက်ပါ ကြိုတင်ပြင်ဆင်မှုတစ်ရပ်လည်း ဖြစ်ပေသည်။ နိုင်ငံရေးဆွေးနွေးပွဲကြီးတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတို့က ညီညီညွတ်ညွတ်၊ စုစုစည်းစည်း ပါဝင်ဆွေးနွေး သွားကြရန်နှင့် နိုင်ငံရေးရည်မှန်းချက်ဖြစ်သော "စစ်မှန်သည့်ဖက်ဒရယ် ပြည်ထောင်စု" တည်ဆောက်နိုင်သည် အထိ ကြိုးပမ်းသွားရမည် ဖြစ်ပေသည်။

၆။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး နှင့် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များအပေါ်တွင် စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းပါဝင်နိုင် ရန် ယခုကဲ့သို့ ခိုင်မာသည့်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြခြင်းပင်ဖြစ်သည်။ လိုင်ဇာကွန်ဖရင့်သည် လည်းကောင်း၊ လော်ခီးလာကွန်ဖရင့်သည်လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဦးတည် ကျင်းပခဲ့ခြင်းဖြစ်ရာ ယခုကဲ့သို့ အောင်မြင်စွာ ရရှိထားပြီးသော "တိုင်းရင်းသားစည်းလုံးညီညွတ်မှု" မှတဆင့် အုပ်ချုပ်သူအစိုးရအဖွဲ့အစည်းများအပါအဝင် လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံးပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို စုပေါင်းတည်ဆောက်နိုင်ကြပါရန် နှိုးဆော်လျက် ဤကြေညာချက်ကို ထုတ်ပြန်အပ် ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကွန်ဖရင့် (လော်ခီးလာကွန်ဖရင့်)
၂၀၁၄-ခုနှစ်၊ ဇန္နဝါရီလ(၂၅)ရက်။


**<u>မီဒီယာဆက်သွယ်ရန်</u>**

၁။ နိုင်ဟံသာ
အဖွဲ့ခေါင်းဆောင် (NCCT)
ဖုန်း - (+ ၆၆) ၈၀၅ ၀၃၀ ၈၄၉

၂။ ပဒိုကွယ်ထူးဝင်း
ဒုတိယအဖွဲ့ခေါင်းဆောင် (၁) (NCCT)
ဖုန်း - (+ ၆၆) ၈၁၈ ၀၇၆ ၂၇၉

၃။ ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်
ဒုတိယအဖွဲ့ခေါင်းဆောင် (၂) (NCCT)
ဖုန်း - (+ ၈၆) ၁၃၅ ၇၈၂ ၀၀၅ ၄၃